## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့(၂၈.၂.၂၀၁၂)ရက်နေ့တွင် ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနု တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

ဥက္ကဋ္ဌ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနုက "ကွန်ဟိန်းမှ မိုင်တိုင်အမှတ်(၁၅)မိုင်ရှိ (၃၅)ပေရှည်သော ကွတ်ပုံ/ဝမ်လောတံတား၊ မိုင်တိုင်အမှတ်(၂၅)မိုင်ရှိ(၇၂)ပေရှည်သော ဆိုင်းမွန်း/ဆိုင်းခေါင်တံတား၊ မိုင်တိုင်အမှတ် (၃၀)မိုင်ရှိ (၁၀၀)ပေရှည်သော ခိုလေ/ငါးတိုင်တံတား ကြီးများသည် အသုံးပြု၍မရနိုင်တော့ပဲ ခရီးသွားပြည်သူများ ရေချောင်းတွင်းမှ ဖြတ်သန်းသွားလာနေရသဖြင့် ရေများသော မိုးရာသီတွင် အခက်အခဲများစွာ ကြုံတွေ့ရလျက်ရှိသောကြောင့် အဆိုပါတံတားကြီး (၃)စင်းအားစိစစ်၍ ပြန်လည်ပြုပြင်ပေးနိုင်ပါရန် အဆို"ကို တင်သွင်းလာပါတယ်။ ဒါ့ကြောင့် ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနုက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းနု(ကွန်ဟိန်းမဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနု ဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ ဒီကနေ့ပြုလုပ်ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ "လမ်းပန်းဆက်သွယ်ရေးကိစ္စ"နဲ့ ပတ်သက်ပြီး အဆိုပြုတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်(အလယ်ပိုင်း) လွိုင်လင်ခရိုင်၊ ကွန်ဟိန်းမြို့နယ်ဟာ ယခင်က တရားဥပဒေစိုးမိုးနိုင်မှု နည်းပါးခဲ့သော ဒေသတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့ ကွန်ဟိန်းမြို့နယ်အတွင်းမှာပါဝင်တဲ့ ကွန်ဟိန်း- ဝမ်လော- ဆိုင်းခေါင်- ကျိုင်းခမ်းလမ်းဟာ ယခင်က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်ခဲ့သော ကျောက်ချောလမ်းများ ဖြစ်ပါတယ်။ သို့သော် နယ်မြေဒေသလုံခြုံမှုကြောင့် အချိန်မှီပြုပြင်ထိန်းသိမ်းနိုင်မှု မပြုနိုင်ခဲ့သဖြင့် ယင်းလမ်းကြောင်းပေါ်ရှိ လမ်း/တံတားများ ပျက်စီးခဲ့ပါတယ်။

၎င်းလမ်းကြောင်းပေါ်တွင် တံတားကြီး၊ ငယ်များ များစွာတည်ရှိပြီး၊ ယခုအခါ အများစုမှာ ပျက်စီးနေကြပြီ ဖြစ်ပါတယ်။ ၎င်းဒေသမှာ နေထိုင်ကြတဲ့လုပ်သားပြည်သူများအနေဖြင့် တစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင်လည်းကောင်း၊ မိမိတို့ဒေသထွက် ထုတ်ကုန်များ ဈေးကွက်ရှိရာသို့ ပို့ဆောင်ရာတွင် လည်းကောင်း၊ ခက်ခဲစွာ သွားလာနေကြရပါတယ်။ အထူးသဖြင့် မိုးတွင်းကာလ များတွင် ပိုမိုဒုက္ခရောက်ကြရပါတယ်။

ၿငင်းလမ်းကြောင်းပေါ်ရှိ မြေသားလမ်းများ၊ တံတားငယ်များအချို့ကို ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ခဲ့သော်လည်း တံတားကြီးများကို ပြုပြင်ရန် များစွာအခက်အခဲရှိပါတယ်။ ၎င်းတံတားကြီးများအနက် -

(က) ကွန်ဟိန်းမြို့မှ (၁၅)မိုင်ခန့်ကွာဝေးတဲ့ (၃၅)ပေရှည် ကွတ်ပုံ- ဝမ်လောတံတား

(ခ) ကွန်ဟိန်းမြို့မှ (၂၅)မိုင်ခန့်ကွာဝေးတဲ့ (၇၂)ပေရှည် ဆိုင်းမွန်း- ဆိုက်ခေါင်တံတား

(ဂ) ကွန်ဟိန်းမြို့မှ (၃၀)မိုင်ခန့်ကွာဝေးတဲ့ (၁၀၀)ပေရှည် ခိုလေ- ငါးတိုင်တံတားကြီးများဟာ ပျက်စီးနေကြပြီး၊ ဖြတ်သန်းသွား လာတဲ့ ခရီးသွားပြည်သူများ အန္တရာယ်ဖြစ်စေနိုင်ပြီး၊ ဒေသအနေဖြင့် ပြန်လည်ပြုပြင်ရန် အခက်အခဲရှိတဲ့ တံတားများ ဖြစ်ပါတယ်။

ယခုအခါ ကျွန်တော်တို့ဒေသမှာ ငြိမ်းချမ်းမှုရှိလာသည်ဖြစ်တဲ့အတွက် ဖော်ပြပါတံတားကြီး (၃)စင်းအား သင့်သလိုပြန်လည်ပြုပြင်ပေးပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ [သြဘာသံများ ]

ဥက္ကဋ္ဌ။ အဆိုကိုထောက်ခံမယ့်သူရှိပါကဆက်လက်ဆောင်ရွက်ပါ။ ဦးစိုင်းဘဦး(လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်-၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘဦးဘဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)က ဦးစိုင်းနု တင်သွင်းသော အဆိုကို ထောက်ခံပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းနု တင်သွင်းသော အဆိုကို ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါ့မယ်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက

“သဘောတူပါသလား ခင်ဗျား။ ”

**[(၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်]**

ဥက္ကဋ္ဌ ။ အဆိုကို လက်ခံဆွေးနွေးဖို့သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါသလားခင်ဗျား။

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

အဆိုကို လက်ခံဆွေးနွေးဖို့သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းနုရဲ့ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာအပ်ပါတယ်။ **[ သြဘာသံများ]**

ဥက္ကဋ္ဌ။ ဦးစိုင်းနု တင်သွင်းသော အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးကြဖို့ ဖြစ်ပါတယ်။ အဆိုကို ဖေဖော်ဝါရီလ (၂၉)ရက်နေ့ (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။

## ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့(၂၉.၂.၂၀၁၂) ရက်နေ့တွင် အဆိုကို ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)၏ ကွန်ဟိန်းမှ မိုင်တိုင်အမှတ်(၁၅)မိုင်ရှိ (၃၅)မိုင်ရှည်သော ကွတ်ပုံ/ဝမ်လေးတံတား၊ မိုင်တိုင် အမှတ်(၂၅)ရှိ (၇၂)ပေရှည်သော ဆိုင်မွန်း၊ ဆိုက်ခေါင်တံတား၊ မိုင်တိုင်အမှတ်(၃၀)ရှိ ပေ (၁၀၀) ရှည်သော ခိုလေ/ငါးတိုင် တံတားကြီးများသည် အသုံးပြု၍မရနိုင်တော့ပဲ ခရီးသွားပြည်သူများ ရေချောင်း အတွင်းမှ ဖြတ်သန်းသွားလာနေရသဖြင့် ရေများသော မိုးရာသီတွင် အခက်အခဲများ ကြုံတွေ့ရလျက်ရှိသောကြောင့် အဆိုပါတံတားကြီး (၃)စင်းအား စိစစ်၍ ပြန်လည်ပြုပြင်ပေးနိုင်ရန် အဆိုကိုပေးပို့ပေးပါတယ်။ ယင်း အဆိုနဲ့ ပတ်သက်လို့ ဆွေးနွေးမည့် ကိုယ်စားလှယ်မရှိတဲ့အတွက် အဆိုနဲ့ စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

စိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနု တင်သွင်းသော အဆို ဖြစ်သည့် မိုင်တိုင်အမှတ် ၈၇/၅ တွင် တည်ရှိသော တံတားအမှတ် ၄/၈၈ အရှည် (၃၅)ပေရှည်သော ကွတ်ပုံ/ဝမ်လေးတံတားသည် ပြည်နယ်လမ်းဖြစ်သော မိုးနဲ / ကျိုင်းတောင်း/ ဆိုက်ခေါင်/ ကွန်ဟိန်း လမ်းပေါ်တွင် တည်ရှိပြီး မိုင်တိုင်အမှတ် ၂/၄ ရှိ တံတားအမှတ်၊ ၁/၃ ပေအရှည်(၇၂)ပေ ရှည်သော ဆိုင်မွန်း/ဆိုက်ခေါင် တံတားနှင့် မိုင်တိုင်အမှတ် ၆/၅ ရှိတံတားအမှတ် ၅/၇ပေ အရှည်(၁၀၀) ရှိသော ခိုလေ/ငါးတိုင်တံတားများသည် ပြည်နယ်လမ်းဖြစ်သည့် ဆိုက်ခေါင် / ကျိုင်းခမ်းလမ်းပေါ်တွင် တည်ရှိပါ သည်။ အဆိုပါလမ်းများတွင် ၂၀၁၀-၁၁ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်အတွင်း ပြင်ဆင် ထိန်းသိမ်းခြင်းရန် ပုံငွေခွဲဝေချထားပေးခြင်း မရှိသည့်အတွက် ဤအဆိုကို အသေးစိတ်ဆွေးနွေး ရှင်းလင်း ရန်မရှိပါ။ အဆိုအားပြန်လည် ရုပ်သိမ်းပြီး မေးခွန်းအဖြစ်သာ ပြန်လည်မေးမြန်းစေသင့်ကြောင်း တင်ပြ အပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ အဆိုတင်သွင်းသော ကိုယ်စားလှယ်အနေနဲ့ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေပုဒ်မ ၁၁၉ ၊ နည်းဥပဒေခွဲ (ဇ)အရ ပြန်ကြားဆွေးနွေးပေးဖို့ဖြစ်ပါတယ်။ ဦးစိုင်းနု(ကွန်ဟိန်းမဲဆန္ဒနယ်အမှတ်-၁)၊ လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် ဒုတိယနေ့အစည်းအဝေးမှာ လမ်းတံတားများကိစ္စနှင့်ပတ်သက်ပြီး အဆိုပြုတင်ပြခဲ့ပါတယ်။ ယင်းအဆိုကိုသုံးသပ်ပြီး အဆိုအစား မေးခွန်းအဖြစ်ပြောင်းလဲ တင်ပြပေးပါရန် ဝန်ကြီးမှ မေတ္တာရပ်ခံလာပါတယ်။ ကျွန်တော်ရဲ့ အဆိုသည် မြေပြင်တွင်အမှန်တကယ် ဖြစ်လျက်ရှိသော ကိစ္စဖြစ်ပြီး ဒေသနေပြည်သူများ၏ အသံအမှန်ဖြစ်ပါသည်။ ပြည်သူတို့၏အသံအမှန်အား လွှတ်တော်သို့ တင်ပြရမည့်တာဝန်ရှိသည်နှင့်အညီ ယင်းအဆိုကိုတင်ပြရခြင်း ဖြစ်ပါသည်။ အဆိုပြုသည်ဖြစ်စေ မေးခွန်းပြုသည်ဖြစ်စေ အရေးကြီးသည်မှာ ပြည်သူအသံလွှတ်တော်ရောက်ရေးသာဖြစ်သဖြင့် မိမိအဆိုပြုချက်အား မေးခွန်းအဖြစ် ပြောင်းလဲတင်ပြပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ [ **သြဘာသံများ** ]

ဥက္ကဋ္ဌ။ “ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ဦးစိုင်းနု ၏ “ ကွန်ဟိန်းမှ မိုင်တိုင်အမှတ် (၁၅)မိုင်ရှိ (၃၅)ပေရှည်သော ကွတ်ပုံ/ဝမ်လောတံတား၊ မိုင်တိုင်အမှတ်(၂၅)မိုင်ရှိ (၇၂)ပေ ရှည်သော ဆိုင်းမွန်း/ဆိုင်းခေါင် တံတားမိုင်တိုင် အမှတ်(၃၀)ရှိ ပေ(၁၀၀)ရှည်သော ခိုလေ/ငါးတိုင် တံတားကြီးများသည် အသုံးပြု၍ မရရှိနိုင်တော့ပဲ ခရီးသွားပြည်သူများ ရေချောင်းအတွင်းမှ ဖြတ်သန်းသွားလာနေရသဖြင့် ရေများသော မိုးရာသီတွင် အခက်အခဲများစွာ ကြုံတွေ့ရလျက်ရှိသောကြောင့် အဆိုပါ တံတားကြီး (၃)စင်းအား စိစစ်၍ပြန်လည်ပြုပြင်ပေးရန် အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲသတ်မှတ်ရန်လွှတ်တော်က

“သဘောတူပါသလား ခင်ဗျား။ ”

**(၃ ကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်)**

လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူတဲ့အတွက်၄င်းအဆိုကို မေးခွန်းအဖြစ် ပြောင်းလဲသတ်မှတ်ပါကြောင်း အတည်ပြုကြေငြာအပ်ပါတယ်။ [ **သြဘာသံများ** ]